## ၁၉။ ပန်းရောင်မီလီဂျပိုး/ပိုးစေးနဲ

**Pink hibiscus mealybug : *Maconellicoccus hirsutus* (Greeen, 1908)**

**Hemiptera: Pseudococcidae**

## ဖျက်ကောင်ပုံသဏ္ဍာန်များ





တွားသွားကောင်များနှင့်ပိုးမမည်များသည် ခန္ဓာ ကိုယ်မှာ ပန်းရောင်ဖြစ်ပြီး အဖြူရောင် ကပ်စေးများဖြင့်ဖုံးထားသည်။ ၄င်းတို့၏ဥများကို ဝမ်းဗိုက် မှထွက်သော စေးကပ်သော အဖြူရောင်အမျှင်များဖြင့် ဖုံးထားသည်။အတောင်ပံမပါရှိပါ။ အကောင်ကြီး(အထီး)သည် တောင်ပံ တစ်စုံ၊ ရှည်သောဥမှင်နှင့် နောက်ဘက်သို့ထိုးထွက်နေသော စေးကပ် သောအဖြူရောင် အမျှင်တစ်စုံပါရှိသော်လည်း ပါးစပ်အစိတ်အပိုင်းမပါရှိပါ။

## ဖျက်ဆီးပုံလက္ခဏာများ




အပင်ပုခြင်း၊ ဆစ်ကြားများတိုခြင်းနှင့် အရွက်ပြန့်ကားနိုင်မှုလျော့နည်းခြင်းတို့အား တွေ့ရှိနိုင်သည်။ ခံနိုင်ရည်မဲ့သောအပင်များတွင် အပင်ပုခြင်းသည်ပို၍သိသာထင်ရှားပြီး နောက် ပိုင်းကြီးထွားဖွံ့ဖြိုးမှုသည် ဂေါ်ဖီထုတ်ကဲ့သို့ဖြစ်သွားသည်။ခံနိုင်ရည်မဲ့မှုမြင့်မားသော အပင်များ

တွင် အရွက်များကြွေခြင်းနှင့် အပင်တစ်ပင်လုံးသေသည်အထိဖြစ်နိုင်သည်။ ၄င်းဖျက်ပိုး ကျရောက် ခြင်းကြောင့် ပုရွက်ဆိတ်များအားတွေ့ရတတ်ပြီး ကြပ်ခိုးမှိုများ ပါကျရောက် နေတတ်သည်ကို တွေ့ရှိနိုင်သည်။ အသီးများ တွင် ပျားရည်နှင့် ကြပ်ခိုး မှိုများဝင် ရောက်မှု့ ကြောင့်အသီး၏တန်ဖိုးကိုလျော့ကျစေနိုင်သည်။

**ဘဝစက်ဝန်း**

ဥ အဆင့် **– (** ၆-၉**)** ရက်

ပိုးမမည် အဆင့် **– (**၃၀)ရက်

အကောင်ကြီး အဆင့် **– (**၂-၃**)** ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပိုးကျရောက်မှု့ရှိမရှိ စိုက်ခင်းအားအမြဲကင်းထောက်စစ်ဆေးပါ။

(၂) ဖျက်ပိုးစတင်ကျရောက်သည်ကို တွေ့ရှိပါက ပြင်းထန်စွာကျရောက်နေသော အကိုင်း အခတ်များအား ဖြတ်၍ ချက်ချင်းမီးရှို့ ဖျက်ဆီးပါ။

(၃) မီလီဂျပိုး (ပိုးစေးနဲ့) များသည် တစ်နေရာ မှ တစ်နေရာသို့ ထိဆက်နေသော သစ်ကိုင်းများမှ တဆင့် လမ်းလျှောက်ကူးစက်နိုင်သောကြောင့် ကိုင်းကျပ်ကိုင်းညှပ်များ နှင့် တစ်ပင်နှင့်တစ်ပင် ထိဆက်နေသော ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပါ။

(၄)သဘာဝသားရဲအင်းဆက်များအား ထိန်းသိမ်းကာကွယ်ပါ။

(၅)အလွန်ဆိုးရွားစွာ ကျရောက်ပါကထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေ ပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- စပီရိုတတ်ထရာမက် (Spirotetramat)

- အဆီတာမိပရစ် (Acetamiprid)
- ကာဘာရိုင်း(Carbary)
- ဘူပရိုဖီဇင်(Buprofezin)
- ဘိုင်ဖန်သရင်(Bifenthrin)